အို-အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ကဗရ်အား
ကိုးကွယ်ရာအဖြစ် မပြုလုပ်လိုက်ပါနှင့်။
အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ အို-
အလ္လာဟ်အရှင်မြတ် ကျွန်တော်မျိုး၏ကဗရ်အား ကိုးကွယ်ရာအဖြစ်
မပြုလုပ်လိုက်ပါနှင့်။ မိမိတို့နဗီတမန်တော်များ၏ ကဗရ်များကို
ဦးချရာနေရာများအဖြစ် သတ်မှတ်ခဲ့ကြသော အမျိုးသားတို့အား အလ္လာဟ်အရှင်မြတ်သည်
အလွန်အမျက်ထွက်တော်မူသည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိ၏အရှင်မြတ်ထံတော်၌ မိမိ၏ကဗရ်အား
လူတို့ကြည်ညို ကိုးကွယ်ကြသည့် ကိုးကွယ်ရာအဖြစ် မပြုလုပ်ရန်နှင့် ကဗရ်ရှေ့တွင်
စဂ်ျဒဟ်ဦးချခြင်းတို့ မပြုစေရန် ဒုအာတောင်းတော်မူခဲ့သည်။ ထို့နောက်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် နဗီတမန်တော်များ၏ ကဗရ်များကို
ဦးချရာနေရာများအဖြစ် သတ်မှတ်ခဲ့ကြသူများကို အလ္လာဟ်အရှင်မြတ်က မိမိ၏ကရုဏာတော်မှ
ကင်းဝေးစေမည်ဖြစ်ကြောင်း အသိပေးမိန့်ကြားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်
ကဗရ်များကို ဦးချရာနေရာများအဖြစ် သတ်မှတ်ခြင်းသည် ၎င်းတို့အား
ကိုးကွယ်ယုံကြည်မှုကို ဖြစ်စေသည့် အကြောင်းအရင်းတစ်ခုပင်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3336